## စစ်ကိုင်းတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ

**(၂၀၁၉ ခုနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၁။)**

**၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်**

**(၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၅ ရက်)**

**[ ပြင်ဆင် : 09.06.2020 ]**

Myanmar Law Information System (MLIS)

နိဒါန်း

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း(၁)

### အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို **စစ်ကိုင်းတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ**ဟု ခေါ်တွင်စေရမည်၊

(ခ) ဤဥပဒေသည် ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ စစ်ကိုင်းတိုင်းဒေသကြီးတစ်ဝန်းလုံးတွင် အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **တိုင်းဒေသကြီး** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးကို ဆိုသည်၊

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်၊

(ဂ) **ဝန်ကြီး** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးကို ဆိုသည်။

(ဃ) **ဝန်ကြီးဌာန** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနကို ဆိုသည်။

(င) **ဦးစီးဌာန** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနကို ဆိုသည်။

(စ) **ဦးစီးဌာနမှူး** ဆိုသည်မှာ ငါးလုပ်ငန်းဦးစီးဌာန၏ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဦးစီးဌာနမှူးကို ဆိုသည်။

(ဆ) **ကော်မတီ** ဆိုသည်မှာ ဤဥပဒေနှင့်အညီ ဝန်ကြီး၏အတည်ပြုချက်ဖြင့် ဖွဲ့စည်းသည့် ခရိုင်၊ မြို့နယ် သို့မဟုတ် ရပ်ရွာငါးလုပ်ငန်းကြီးကြပ်ရေးကော်မတီကို ဆိုသည်။

(ဇ) **ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့** ဆိုသည်မှာ ရပ်ရွာအတွင်း ငါးလုပ်ငန်းလုပ်ကိုင်လိုသူများမှ အသင်းဝင်များဖြင့် စုဖွဲ့ထားပြီး ငါးလုပ်ငန်းဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် ငါးလုပ်ငန်းအစုအဖွဲ့ကို ဆိုသည်။

(ဈ) **ငါး** ဆိုသည်မှာ ဘဝတစ်လျှောက်လုံးတွင်သော်လည်းကောင်း၊ ဘဝအစိတ်အပိုင်းတစ်ပိုင်းတွင် သော်လည်းကောင်း၊ ရေထဲ၌နေထိုင်ကျက်စားသည့် ရေသတ္တဝါအားလုံး၊ ယင်းတို့၏ဥများ၊ သားလောင်း များ၊ သားပေါက်ကောင်များ၊ မျိုးစေ့များကို ဆိုသည်။ ယင်းစကားရပ်တွင် ရေတွင်ပေါက်ပွားသည့် အပင်များနှင့် ယင်းတို့၏အပင်ပေါက်များ မျိုးစေ့များလည်းပါဝင်သည်။

(ည) **ငါးလုပ်ငန်း** ဆိုသည်မှာ ငါးနှင့်ပတ်သက်သော လုပ်ငန်းများကို စနစ်တကျ စီမံခန့်ခွဲရန်၊ စီးပွားဖြစ်လုပ်ကိုင်ရန်၊ မျိုးထိန်းသိမ်းရန်၊ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်းတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းခြင်း၊ မွေးမြူခြင်း၊ စူးစမ်းရှာဖွေခြင်း၊ သုတေသနပြုခြင်း၊ ငါးသားပေါက်စခန်းများ ထူထောင်ပေးခြင်း၊ မျိုးစိုက်ထည့်ပေးခြင်း၊ ပြန့်ပွားစေခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်းလုပ်ငန်းများလည်း ပါဝင်သည်။

(ဋ) **ငါးဖမ်းခြင်း** ဆိုသည်မှာ ငါးများအား ဖမ်းယူခြင်း၊ စုဆောင်းခြင်း၊ ဆွဲဆောင်ခြင်း၊ လိုက်လံခြင်း၊ မူးမေ့စေခြင်း၊ သေစေခြင်း စသည်တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းခြင်းလုပ်ငန်းများအတွက် အထောက်အကူပြုလုပ်ငန်းနှင့် ပြင်ဆင်ခြင်းလုပ်ငန်းများလည်း ပါဝင်သည်။

(ဌ) **ငါးဖမ်းကိရိယာ** ဆိုသည်မှာ ငါးဖမ်းရာတွင် အသုံးပြုသည့် မည်သည့်ပစ္စည်းကိရိယာကိုမဆို ဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းရာ၌ အထောက်အကူပြုသော ပစ္စည်းကိရိယာများလည်း ပါဝင်သည်။

(ဍ) **ငါးဖမ်းရေယာဉ်** ဆိုသည်မှာ ငါးဖမ်းရာတွင် အသုံးပြုသည့် မည်သည့်ရေယာဉ်ကိုမဆို ဆိုသည်။

(ဎ) **ယာဉ်** ဆိုသည်မှာ စက်ဖြင့်ဖြစ်စေ၊ စက်မဲ့ဖြင့်ဖြစ်စေ ရွေ့လျားသွားလာနိုင်သည့်ယာဉ်ကို ဆိုသည်။

(ဏ) **အအေးခန်းစက်ရုံ** ဆိုသည်မှာ ငါးများသန့်ရှင်းလတ်ဆတ်နေစေရန် အေးခဲမှုစနစ်ဖြင့် ပြုပြင်အေးခဲ၊ သိုလှောင်၊ ထိန်းသိမ်းထားသည့် စက်ရုံကို ဆိုသည်။

(တ) **ရေချိုငါးလုပ်ငန်းရေပြင်** ဆိုသည်မှာ တိုင်းဒေသကြီး၏ နယ်နိမိတ်အတွင်းတွင်ရှိသည့် အစဉ်အမြဲရေတည်ရှိသည်ဖြစ်စေ၊ ယာယီရေတည်ရှိသည်ဖြစ်စေ၊ ငါးများနေထိုင် ကျက်စား ခိုအောင်း ပေါက်ပွား ကြီးပြင်းရာ ရေပြင်၊ ရေကန်၊ ရေရိုး၊ မြစ်၊ ချောင်း၊ အင်းအိုင်နှင့် ဆည်တာတမံအတွင်းရှိ လျှိုမြောင်းများ တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ဂရန်အင်း၊ သီးသန့်အင်း၊ လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင်၊ ရေလှောင်တမံကြီးများ၊ ရေလွှဲဆည်များ ပါဝင်သည်။

(ထ) **ဂရန်အင်း** ဆိုသည်မှာ ဦးစီးဌာနကနယ်နိမိတ်၊ ငါးအမျိုးအစား၊ ငါးဖမ်းကိရိယာ၊ အချိန်ကာလနှင့် ငါးဖမ်းနည်း စသည့်သတ်မှတ်ချက်များထားရှိ၍ အငှားဂရန်ဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုထားသော ရေပြင်ကိုဆိုသည်။

(ဒ) **သီးသန့်အင်း** ဆိုသည်မှာ ဦးစီးဌာနကငါးမျိုးပြုန်းတီးခြင်းမရှိစေရန်နှင့် ငါးမျိုးပွားများစေရန်အလို့ငှာ ငါးလုပ်ငန်းလုပ်ကိုင်ခြင်းကို အခါအားလျော်စွာ ပိတ်ပင်တားမြစ်ထားသည့် ရေပြင် သို့မဟုတ် သတ်မှတ် ချက်ဖြင့် ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုသည့် ရေပြင်ကို ဆိုသည်။

Myanmar Law Information System (MLIS)

(ဓ) **လိုင်စင်ဖြင့်လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင်** ဆိုသည်မှာ ဦးစီးဌာနကဂရန်အင်း၊ သီးသန့်အင်းဟု သတ်မှတ်ထားသော နေရာဒေသမှအပ အခြားရေချိုငါးလုပ်ငန်းရေပြင်တွင် ငါးဖမ်းကိရိယာလိုင်စင်ဖြင့် ဖြစ်စေ၊ ငါးဖမ်းကွက်သတ်မှတ်ပြီး တင်ဒါလိုင်စင်ချထား၍ဖြစ်စေ၊ အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့် ဖြစ်စေ၊ ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုသော ရေပြင်ကို ဆိုသည်။

(န) **ရေထွက်ပစ္စည်း** ဆိုသည်မှာ ရေပြင်တစ်ခုခုမှ ရရှိသောငါး၊ သက်ရှိရေသတ္တဝါများ ယင်းတို့၏ စွန့်ပစ်ပစ္စည်းများ၊ အခွံများ၊ အရိုးများ၊ အရေခွံများ၊ ပြုပြင်မွမ်းမံထားသည့် ငါးနှင့်ရေသတ္တဝါများ၊ အပင်များ၊ သက်မဲ့ပစ္စည်းများကို ဆိုသည်။

(ပ) **အငှားဂရန်** ဆိုသည်မှာ ဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်ရန် ဦးစီးဌာနက ထုတ်ပေးသည့် အငှားဂရန်ကို ဆိုသည်။

(ဖ) **လိုင်စင်** ဆိုသည်မှာ ဂရန်အင်းမှအပ တိုင်းဒေသကြီးရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်ရန် ဦးစီးဌာနကထုတ်ပေးသည့်လိုင်စင်ကို ဆိုသည်။

(ဗ) **ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရှိသူ** ဆိုသည်မှာ ဦးစီးဌာနက ထုတ်ပေးသည့် အငှားဂရန်၊ တင်ဒါလိုင်စင်၊ ငါးဖမ်းကိရိယာလိုင်စင်၊ အအေးခန်းစက်ရုံ တည်ထောင်လုပ်ကိုင်ခွင့် သို့မဟုတ် ငါးလုပ်ငန်းနှင့် သက်ဆိုင် သည့်လုပ်ငန်း လုပ်ကိုင်ခွင့်ပြုသည့်လိုင်စင်ရရှိသူကို ဆိုသည်။

(ဘ) **ပြန်အမ်းငွေ** ဆိုသည်မှာ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ပါ စည်းကမ်းချက်ကို ဖောက်ဖျက်ခြင်းကြောင့်မဟုတ်ဘဲ စစ်ကိုင်းတိုင်းဒေသကြီး၏အကျိုးငှာ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ကို ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရလျှင်ဖြစ်စေ သဘာဝဘေးအန္တရာယ်ကြောင့် သို့မဟုတ် အခြားခိုင်လုံသော အကြောင်းတစ်စုံတစ်ရာကြောင့် ငါးထုတ်လုပ်မှု ထိခိုက်နစ်နာမှုရှိလျှင်ဖြစ်စေ အငှားဂရန်ရရှိသူ သို့မဟုတ် တင်ဒါလိုင်စင်ချထားခြင်းခံရသူက ပေးသွင်းထားသည့် အခွန်အခအနက်လုပ်ကိုင်ရန် ကျန်ရှိသော ငါးလုပ်ငန်းရာသီအတွက် ပြန်လည်ရထိုက်သော အခွန်အခကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ငါးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ခ) ငါးမျိုးပြုန်းတီးမှုကို ကာကွယ်တားဆီးရန်၊

(ဂ) ရေချိုငါးလုပ်ငန်းရေပြင်များ ပျက်စီးခြင်းမှ ကာကွယ်စောင့်ရှောက်ရန်၊

(ဃ) တိုင်းဒေသကြီး ဘဏ္ဍာငွေအတွက် ရသင့်ရထိုက်သော အခွန်အခများ ရရှိစေရန်၊

(င) ငါးလုပ်ငန်းများကို ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း ပြုနိုင်စေရန်၊

(စ) တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ ငါးသယံဇာတများကို ဈေးနှုန်းချိုသာစွာဖြင့် စားသုံးနိုင်စေရန်၊

(ဆ) ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များ စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာစေရန်။

## အခန်း (၃)
## အငှားဂရန်၊ လိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

Myanmar Law Information System (MLIS)

၄။ ဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ဈေးပြိုင်စနစ်ဖြင့် လေလံဆွဲဝယ်ရမည်။

၅။ ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိရန် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လျှောက်ထားရမည်။

၆။ ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များသည် ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် လုပ်ကိုင်ခွင့် ရရှိပါက သတ်မှတ်ထားသည့် ကြမ်းခင်းဈေးနှင့် အခွန်အခများပေးသွင်း၍ လုပ်ကိုင်ဆောင်ရွက်ရမည်။

၇။ ဂရန်အင်းမှအပ အခြားရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်း လုပ်ကိုင်လိုသူသည် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ငါးဖမ်းကိရိယာလိုင်စင်ခ ပေးဆောင်ခြင်းဖြင့်ဖြစ်စေ တင်ဒါ လိုင်စင် ချထားခြင်းဖြစ်ပါက အိတ်ဖွင့်တင်ဒါဈေးနှုန်းတင်သွင်း၍ လိုင်စင်ရယူခြင်းဖြင့်ဖြစ်စေ လုပ်ကိုင် ဆောင်ရွက်ရမည်။

၈။ ရေထွက်ပစ္စည်းရောင်းဝယ်ခြင်း၊ စုဆောင်းခြင်း၊ သယ်ယူခြင်း၊ အအေးခန်းစက်ရုံ တည်ထောင်ခြင်း လုပ်ငန်းလုပ်ကိုင်လိုသူသည် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ လိုင်စင်ရယူ၍ လုပ်ကိုင်ဆောင်ရွက် ရမည်။

၉။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် သတ်မှတ်သည့် နည်းလမ်းများနှင့်ညီညွတ်လျှင် ရေထွက်ပစ္စည်း များရောင်းဝယ်ခြင်း၊ စုဆောင်းခြင်း၊ အအေးခန်းစက်ရုံတည်ထောင်ခြင်းတို့အတွက် လိုင်စင်ထုတ်ပေး နိုင်သည်။

၁၀။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် အောက်ပါကိစ္စရပ်များတွင် ဝန်ကြီး၏ခွင့်ပြုချက်ဖြင့် လိုင်စင် ထုတ်ပေးရမည်-

(က) သုံးနှစ်ထက်မပိုသည့်အငှားဂရန် လျှောက်ထားခြင်း၊

(ခ) ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် နိုင်ငံခြားငွေဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုရန်လျှောက်ထား ခြင်း၊

(ဂ) အအေးခန်းစက်ရုံတည်ထောင်ခြင်း။

၁၁။ ခရိုင်ဦးစီးဌာနမှူးသည် ဂရန်အင်းလေလံတင်ရောင်းချသည့်ကိစ္စနှင့် တင်ဒါလိုင်စင်ချထားသည့် ကိစ္စတို့တွင် တိုင်းဒေသကြီးဦးစီးဌာနမှူး၏ ခွင့်ပြုချက်ဖြင့် အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင် ထုတ်ပေးရမည်။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ယင်းသို့ခွင့်ပြုရန်အတွက် ဝန်ကြီး၏ အတည်ပြု ချက်ရယူရမည်။

၁၂။ မြို့နယ်ဦးစီးဌာနမှူးသည် အငှားဂရန်နှင့်တင်ဒါလိုင်စင်ချထားသည့် ရေပြင်တို့မှအပ ရေချိုငါး လုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရိယာ အမျိုးအစား တစ်ခုခုဖြင့် ငါးဖမ်းလိုကြောင်း လျှောက်ထား လာလျှင် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးနိုင်သည်။

၁၃။ မြို့နယ်ဦးစီးဌာနမှူးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက မိမိလုပ်ငန်းတွင် ခန့်ထားအသုံးပြုမည့် ရေလုပ်သားများနှင့်စပ်လျဉ်း၍ ရေလုပ်သားမှတ်ပုံတင် လျှောက်ထားလာလျှင် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ထုတ်ပေးနိုင်သည်။

Myanmar Law Information System (MLIS)

## အခန်း(၄)

## အခွန်အခပေးဆောင်ခြင်း

၁၄။ အငှားဂရန်အင်း လေလံဆွဲဝယ်ရရှိသူသည် လေလံကြေးဖြစ်သော အင်းခွန်ကိုလည်းကောင်း၊ တင်ဒါလိုင်စင်ချထားခြင်းခံရသူသည် တင်ဒါကြေးနှင့် လိုင်စင်ခတို့ကိုလည်းကောင်း လက်ငင်းငွေချေစနစ်ဖြင့် နေ့ချင်းပြီး အပြေအကျေပေးဆောင်ရမည်။ ဘဏ်ဖွင့်ချိန်ကျော်လွန်သွားပါက ဘဏ်ဖွင့်ရက်ဖြစ်သည့် နောက်တစ်ရက်တွင် အပြေအကျေပေးဆောင်ရမည်။

၁၅။ ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ လုပ်ကိုင်ခွင့်ရရှိသော ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုကို လုပ်ကိုင်ခွင့်ရရှိပါက သတ်မှတ်ထားသော အင်းခွန်ငွေကိုလည်းကောင်း၊ လိုင်စင်ခတို့ကိုလည်းကောင်း လက်ငင်းငွေချေစနစ်ဖြင့် နေ့ချင်းပြီး အပြေအကျေပေးဆောင်ရမည်။ ဘဏ်ဖွင့်ချိန်ကျော်လွန်သွားပါက ဘဏ်ဖွင့်ရက်ဖြစ်သည့် နောက်တစ်ရက်တွင် အပြေအကျေပေးဆောင်ရမည်။

၁၆။ အငှားဂရန်အင်းမှအပ အခြားရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရိယာ လိုင်စင်ရရှိသူသည် ပေးဆောင်ရန် လိုင်စင်ခကို လက်ငင်းငွေချေစနစ်ဖြင့် နေ့ချင်းပြီး အပြေအကျေပေးဆောင်ရမည်။ ဘဏ်ဖွင့်ချိန် ကျော်လွန်သွားပါက ဘဏ်ဖွင့်ရက်ဖြစ်သည့် နောက်တစ်ရက်တွင် အပြေအကျေပေးဆောင် ရမည်။

၁၇။ သုံးနှစ်ထက်မပိုသည့်အငှားဂရန်ရရှိသူသည် သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ အင်းခွန်နှင့် အခြားကျသင့်ငွေများကို ပေးဆောင်ရမည်။

၁၈။ အအေးခန်းစက်ရုံတည်ထောင်ခြင်းလုပ်ငန်း လိုင်စင်ရရှိသူသည် လိုင်စင်ခကိုနိုင်ငံသား ဖြစ်ပါက ပြည်တွင်းသုံးငွေဖြင့်လည်းကောင်း၊ နိုင်ငံခြားသား မတည်ငွေဖြင့် လုပ်ငန်းလုပ်ကိုင်သည့်ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်ဖြစ်ပါက ဌာနကသတ်မှတ်သည့် နိုင်ငံခြားငွေဖြင့်လည်းကောင်း သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ပေးဆောင်ရမည်။

၁၉။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည်-

(က) နိုင်ငံသားဖြစ်ပါက ပေးဆောင်ရန်ရှိသော လိုင်စင်ခ၊ မှတ်ပုံတင်ကြေးနှင့် အခြားကျသင့်ငွေများကို ပြည်တွင်းသုံးငွေဖြင့် ပေးဆောင်ရမည်၊

(ခ) နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားမတည်ငွေဖြင့် လုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်ဖြစ်ပါက ပေးဆောင်ရန်ရှိသော လိုင်စင်ခ၊ မှတ်ပုံတင်ကြေးနှင့် အခြားကျသင့်သော အခွန်အခများကို ဌာနက သတ်မှတ်သည့် နိုင်ငံခြားငွေဖြင့်ပေးဆောင်ရမည်။

၂၀။ ဝန်ကြီးသည် အောက်ပါလုပ်ငန်းများအတွက် အခွန်အခများပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်-

(က) ဦးစီးဌာန၏ခွင့်ပြုချက်ဖြင့် ဆောင်ရွက်သော ငါးလုပ်ငန်းသုတေသန၊

(ခ) တိုင်းဒေသကြီးအကျိုးငှာ လိုအပ်သည့်ငါးလုပ်ငန်း။

## အခန်း (၅)

## ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ တာဝန်နှင့်ဆောင်ရွက်နိုင်ခွင့်များ

Myanmar Law Information System (MLIS)

၂၁။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည်-

(က) ပေးဆောင်ရန်ရှိသော အခွန်အခများကို ဦးစီးဌာနကသတ်မှတ်သည့်အတိုင်း ပေးဆောင်ရမည်။

(ခ) အငှားဂရန် သို့မဟုတ် လိုင်စင်ပါစည်းကမ်းများနှင့် အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရမည်။

(ဂ) ဦးစီးဌာနက တာဝန်ပေးအပ်ပါက ငါးလုပ်ငန်းဆိုင်ရာသုတေသနလုပ်ငန်းများကို အခမဲ့ဆောင်ရွက်ပေးရမည်။

(ဃ) မိမိလုပ်ငန်းတွင် ဦးစီးဌာန၌ မှတ်ပုံတင်ထားသည့်ရေလုပ်သားကိုသာ ခန့်ထားလုပ်ကိုင်စေရမည်။

(င) စဉ်ဆက်မပြတ်သော ငါးထုတ်ယူသုံးစွဲမှုဖြစ်စေရန် ငါးမျိုးစိတ်များကို နှစ်စဉ်စိုက်ထည့်ပေးရမည်။

(စ) လုပ်ကိုင်ခွင့်ရရှိသည့် ရေချိုငါးလုပ်ငန်းရေပြင်အတွင်း ငါးမွေးမြူရေးလုပ်ငန်းများကို သတ်မှတ်စည်းကမ်းနှင့်အညီ ဆောင်ရွက်နိုင်သည်။

(ဆ) မိမိ၏ လုပ်ငန်းဆောင်ရွက်ရာတွင် အခြားသူများ၏ လုပ်ငန်းနှင့် အကျိုးစီးပွားကို ထိခိုက်နစ်နာမှုမရှိစေရေး ဂရုပြုလုပ်ဆောင်ရမည်။

(ဇ) ဒေသဆိုင်ရာသဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းစောင့်ရှောက်လုပ်ကိုင်ရမည်။

(ဈ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ကို ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်နိုင်ခွင့် ရှိသည်။

## အခန်း (၆)
## ဝန်ကြီး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၂၂။ ဝန်ကြီး၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ငါးလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်ရန် မူဝါဒချမှတ်ခြင်း၊ စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်းနှင့် ညွှန်ကြားခြင်း၊

(ခ) ခရိုင် သို့မဟုတ် မြို့နယ်ငါးလုပ်ငန်းကြီးကြပ်ရေးကော်မတီများကို ဖွဲ့စည်းခြင်း၊

(ဂ) ဦးစီးဌာနမှူးများ၏ လုပ်ငန်းတာဝန်များကို ကြီးကြပ်ခြင်း၊

(ဃ) တိုင်းဒေသကြီးအစိုးရအဖွဲ့ကပေးအပ်သော ငါးလုပ်ငန်းဆိုင်ရာတာဝန်များကို ဆောင်ရွက်ခြင်း။

၂၃။ ဝန်ကြီးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးအကျိုးငှာ လိုအပ်လျှင် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ဖော်ပြပါလုပ်ပိုင်ခွင့်များရှိသည်-

(က) အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်နှင့် ရပ်ရွာအခြေပြုငါးလုပ်ငန်း အစုအဖွဲ့များလုပ်ကိုင်မည့် ရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုခြင်း၊

(ခ) မည်သည့် အငှားဂရန် သို့မဟုတ် လိုင်စင်ကိုမဆို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ဂ) ငါးလုပ်ငန်းဆိုင်ရာ သုတေသနလုပ်ငန်းများနှင့် ငါးမွေးမြူရေးလုပ်ငန်းများတွင် ကူညီထောက်ပံ့စေခြင်း၊

(ဃ) အခြားသင့်လျော်သည့် အမိန့်တစ်ရပ်ရပ် ချမှတ်ခြင်း။

Myanmar Law Information System (MLIS)

## အခန်း (၇)

## တိုင်းဒေသကြီး ဦးစီးဌာနမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၂၄။ တိုင်းဒေသကြီး ဦးစီးဌာနမှူး၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ငါးလုပ်ငန်းများကို စနစ်တကျဖွံ့ဖြိုးတိုးတက်လာစေရန် စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်း၊ သင်တန်းများပေးခြင်း၊

(ခ) ငါးဖမ်းကိရိယာအမျိုးအစားအလိုက် လိုင်စင်နှုန်းထားများကို သတ်မှတ်ပေးခြင်း၊

(ဂ) တင်ဒါငါးဖမ်းကွက်သတ်မှတ်ခြင်း၊ နေရာပြောင်းလဲသတ်မှတ်ခြင်း၊ ပယ်ဖျက်ခြင်း၊

(ဃ) တားမြစ်သည့် ငါးအမျိုးအစား၊ အရွယ်အစား၊ ငါးဖမ်းကိရိယာ၊ ငါးဖမ်းရာသီ၊ နေရာဒေသနှင့် ငါးဖမ်းနည်းတို့ကို သတ်မှတ်ပေးခြင်း၊

(င) လိုင်စင်သက်တမ်းနှင့်ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ လိုက်နာရမည့် အငှားဂရန်နှင့် လိုင်စင်ပါ စည်းကမ်းချက်များကို သတ်မှတ်ပေးခြင်း၊

(စ) လိုင်စင်ခ ငါးစိုခွန်၊ လေ့ခွန်၊ မှတ်ပုံတင်ကြေးနှင့် အခြားပေးဆောင်ရန်ရှိသော အခွန်အခများကို သတ်မှတ်ပေးခြင်း၊

(ဆ) ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနမှူးများ၏ လုပ်ငန်းတာဝန်များနှင့် မြို့နယ်ငါးလုပ်ငန်းကြီးကြပ်ရေးကော်မတီများကို ကြီးကြပ်ခြင်း၊

(ဇ) တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဝန်ကြီးက တာဝန်လွှဲအပ်သော ငါးလုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ခြင်း၊

(ဈ) သက်ဆိုင်ရာခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနမှူးအား အတွင်းရေးမှူးအဖြစ် တာဝန်ပေးအပ်လျက် ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များမှ ရွေးချယ်ပေးသူများ ပါဝင်သည့် မြို့နယ်ငါးလုပ်ငန်းကြီးကြပ် ရေးကော်မတီဖွဲ့စည်းခြင်းကို ဥပဒေပါ နည်းလမ်းများနှင့်အညီ ဝန်ကြီး၏ အတည်ပြုချက်ဖြင့် မှတ်ပုံ တင်ခွင့်ပြုခြင်း။

၂၅။ တိုင်းဒေသကြီးဦးစီးဌာနမှူး၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဂရန်အင်း၊ သီးသန့်အင်း သို့မဟုတ် လိုင်စင်ဖြင့်လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင်အမျိုး အစားသတ်မှတ်ခြင်း၊ ပြောင်းလဲသတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းတို့ကို အစိုးရအဖွဲ့၏ ခွင့်ပြု ချက်ဖြင့် ဆောင်ရွက်ခြင်း၊

(ခ) တိုင်းဒေသကြီး အကျိုးငှာ လိုအပ်လျှင်သော်လည်းကောင်း အငှားဂရန် သို့မဟုတ် လိုင်စင်ကို မမှန် ကန်သော နည်းလမ်းဖြင့် ရယူထားကြောင်းတွေ့ရှိလျှင်သော်လည်းကောင်း၊ လုံလောက်သော အကြောင်း ရှိလျှင်သော်လည်းကောင်း၊ မည်သည့်အငှားဂရန် သို့မဟုတ် လိုင်စင်ကိုမဆို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊ ပေးသွင်းထားသော အခွန်ငွေများကို ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းခြင်းတို့ကို အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်ဆောင်ရွက်ခြင်း၊

Myanmar Law Information System (MLIS)

(ဂ) ဌာနကထုတ်ပေးထားသည့် အငှားဂရန် သို့မဟုတ် လိုင်စင်ပျက်စီး ပျောက်ဆုံးသွားသဖြင့် မိတ္တူရယူလိုကြောင်း လျှောက်ထားသည့်ကိစ္စနှင့်စပ်လျဉ်း၍ သတ်မှတ်သည့် အခကြေးငွေ ပေးသွင်းစေပြီး အငှားဂရန် သို့မဟုတ် လိုင်စင်မိတ္တူကို ထုတ်ပေးခြင်း၊

(ဃ) ပြန်လည်ထုတ်ပေးနိုင်ခွင့်ရှိသော ပြန်အမ်းငွေပမာဏကို စိစစ်သတ်မှတ်ပေးခြင်း၊

(င) ရေထွက်ပစ္စည်းဆိုင်ရာ စားသောက်ကုန်များ ထုတ်လုပ်ခြင်း၊ သယ်ယူခြင်း၊ ရောင်းချခြင်း တို့ကို စိစစ်ရန် ဌာနမှ ပြန်တမ်းဝင်အရာရှိအား တာဝန်ပေးအပ်ခြင်း၊

(စ) ငါးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန်အလို့ငှာ ဦးစီးဌာနသည် ဝန်ကြီး၏ခွင့်ပြုချက်ဖြင့် တစ်ခရိုင်လျှင် အင်းတစ်အင်းနှင့် တင်ဒါချက်တစ်ချက်ကို သုတေသနအင်းနှင့် သုတေသနတင်ဒါချက်အဖြစ် သတ်မှတ် ဆောင်ရွက်နိုင်သည်။

## အခန်း (၈)

## ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် မှတ်ပုံတင်ခြင်း

၂၆။ ရပ်ရွာအတွင်း ငါးလုပ်ငန်းကို အစုအဖွဲ့ဖြင့် လုပ်ကိုင်လိုသူများသည် ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ ဖွဲ့စည်းနိုင်သည်။ ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့သည် အစုအဖွဲ့စည်းမျဉ်းကို ရေးဆွဲနိုင်သည်။

၂၇။ ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များသည် ယင်းတို့၏ လုပ်ငန်းများကို စီမံခန့်ခွဲနိုင်ရန် ရွေးချယ်ထားသော အစုအဖွဲ့ဝင်များပါဝင်သည့် ရပ်ရွာငါးလုပ်ငန်းကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်းရမည်။

၂၈။ ကော်မတီသည် ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များ ဖွဲ့စည်းလုပ်ကိုင်နိုင်ရေးအတွက် ဆောင်ရွက်ပေးရမည်။

၂၉။ ရပ်ရွာအခြေပြုငါးလုပ်ငန်းလုပ်ကိုင်လိုသော အစုအဖွဲ့များသည် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနတွင် မှတ်ပုံတင်လျှောက်ထားရမည်။

၃၀။ မြို့နယ်ဦးစီးဌာနမှူးသည် သတ်မှတ်စည်းကမ်းများနှင့်အညီ တင်ပြလာပါက ခရိုင်ဦးစီးဌာနမှူးက ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ တည်ထောင်လုပ်ကိုင်ခွင့်ကို မှတ်ပုံတင်ပေးရမည်။ ထိုသို့ မှတ်ပုံတင် ပေးရာတွင် တိုင်းဦးစီးဌာနမှူးက စိစစ်၍ ဝန်ကြီး၏ အတည်ပြုချက်ရယူရမည်။

၃၁။ ခရိုင် သို့မဟုတ် မြို့နယ်ငါးလုပ်ငန်းကြီးကြပ်ရေးကော်မတီသည် ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များ၏ လုပ်ငန်းများကို ကြီးကြပ်စစ်ဆေးရမည်။

၃၂။ ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ဝင်အချင်းချင်း အငြင်းပွားမှုဖြစ်ပေါ်လာပါက သက်ဆိုင်ရာရပ်ရွာလုပ်ငန်းကြီးကြပ်ရေးကော်မတီက ညှိနှိုင်းဖြေရှင်းပေးရမည်။ ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များကြားတွင် အငြင်းပွားမှုများဖြစ်ပေါ်လာပါက ခရိုင်၊ မြို့နယ်ဦးစီးဌာနမှူးသည် သက်ဆိုင်ရာကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ဖြေရှင်းရမည်။

## အခန်း (၉)

## စစ်ဆေးခြင်းနှင့် စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူခြင်း

Myanmar Law Information System (MLIS)

၃၃။ ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနမှူးသည် အောက်ဖော်ပြပါအခြေအနေတစ်ရပ်ရပ်ပေါ်ပေါက်လာပါက တိုင်းဒေသကြီးဦးစီးဌာနမှူးမှတစ်ဆင့် ဝန်ကြီး၏ အတည်ပြုချက်ဖြင့် ရပ်ရွာအခြေပြုငါးလုပ်ငန်း အစုအဖွဲ့မှတ်ပုံတင်ကို ပယ်ဖျက်နိုင်သည်-

(က) ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ဝင်များက ဆက်လက်လုပ်ကိုင်ဆောင်ရွက်ရန် ဆန္ဒမရှိကြောင်း တင်ပြခြင်း၊

(ခ) ရပ်ရွာအခြေပြုရေလုပ်သားအစုအဖွဲ့တစ်ခုခုသည် တစ်စုံတစ်ဦးမှ သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုမှ ၎င်း၏အကျိုးစီးပွားအတွက် ချုပ်ကိုင်ခြယ်လှယ်ခြင်း သို့မဟုတ် ရပ်ရွာအတွင်းကြီးမားသော ပဋိပက္ခ ဖြစ်ပေါ်စေနိုင်ခြင်း သို့မဟုတ် ထိုသို့ ဖန်တီးခြင်း၊ ခြိမ်းခြောက်ခြင်း၊

(ဂ) တည်ဆဲဥပဒေများ သတ်မှတ်စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း။

၃၄။ ဦးစီးဌာနမှူးသည် လုပ်ထုံးလုပ်နည်းများတွင် သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ အောက်ပါအတိုင်း စစ်ဆေးနိုင်သည်-

(က) မိမိတာဝန်ခံရသော ရေချိုငါးလုပ်ငန်းရေပြင် နယ်နိမိတ်အတွင်းရှိ ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်း ကိရိယာများ၊ ဂရန်အင်း၊ သီးသန့်အင်း၊ တင်ဒါချက်အပါအဝင် မည်သည့်ငါးလုပ်ငန်းကိုမဆို စစ်ဆေးခြင်း၊ ရပ်တန့်စေခြင်း၊ တက်ရောက်ခြင်း၊ ဝင်ရောက်ခြင်း၊ ရှာဖွေခြင်း၊

(ခ) လုပ်ငန်း၏ အငှားဂရန်လိုင်စင်အပါအဝင် လိုအပ်သည့် စာရွက်စာတမ်းများကို တောင်းယူစစ်ဆေး ခြင်း၊ ကူးယူခြင်း၊

(ဂ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူနှင့် ရေလုပ်သားများအား မေးမြန်းခြင်း၊ စစ်ဆေးခြင်း၊ ညွှန်ကြားခြင်း။

၃၅။ ဦးစီးဌာနမှူးသည် ပိုင်ရှင်မဲ့ဖမ်းဆီးရမိသည့် ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာ၊ ယာဉ်၊ ငါးများနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ရာတွင် အကျုံးဝင်သော ငါးဖမ်း ရေယာဉ်၊ ငါးဖမ်းကိရိယာ၊ ယာဉ်၊ ငါးတို့ကို သိမ်းဆည်းခြင်း၊

(ခ) ငါးနှင့် အခြားလျင်မြန်စွာ ပုပ်သိုးပျက်စီးစေနိုင်သည့်ပစ္စည်းများ ဖမ်းဆီးရမိပါက အမြန်ဆုံးထုခွဲ ရောင်းချပြီး ရောင်းရငွေကို ဌာန၏ရငွေအဖြစ် ဘဏ်တွင် ပေးသွင်းခြင်း။

၃၆။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် အောက်ဖော်ပြပါ ပုဒ်မခွဲ (က) မှ (င) အထိကို အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်လည်းကောင်း၊ ပုဒ်မခွဲ (စ) ကို မိမိအစီအစဉ်ဖြင့်လည်းကောင်း စီမံခန့်ခွဲမှုဆိုင်ရာ အမိန့် တစ်ရပ်ရပ်ချမှတ်နိုင်သည်-

(က) ပျက်ကွက်ခြင်းဖြစ်လျှင် အငှားဂရန် သို့မဟုတ် မည်သည့်လိုင်စင်ကိုမဆို အငှားဂရန် သို့မဟုတ် လိုင်စင်ပါစည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း၊ လိုက်နာရန် ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း၊

(ခ) အငှားဂရန် သို့မဟုတ် လိုင်စင်ရရှိသူက အခြားသူတစ်ဦးတစ်ယောက်အား အငှားဂရန် သို့မဟုတ် လိုင်စင်ကို လွှဲပြောင်းထားကြောင်း စစ်ဆေးတွေ့ရှိရပါက ပြန်လည်ရုပ်သိမ်းခြင်း၊

Myanmar Law Information System (MLIS)

(ဂ) သုံးနှစ်ထက်မပိုသည့် အငှားဂရန် သို့မဟုတ် လိုင်စင်ရရှိသူ၊ အအေးခန်းစက်ရုံ တည်ထောင်ခွင့် လိုင်စင်ရရှိသူက အခြားသူတစ်ဦးတစ်ယောက်အား သုံးနှစ်ထက်မပိုသည့် အငှားဂရန် သို့မဟုတ် လိုင်စင်ရ အအေးခန်းစက်ရုံ တည်ထောင်ခွင့်လိုင်စင်ကို လွှဲပြောင်းထားကြောင်း စစ်ဆေးတွေ့ရှိရပါက ပြန်လည်ရုပ်သိမ်းခြင်း၊

(ဃ) ပိုင်ရှင်မဲ့သိမ်းဆည်းထားသော ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာများ၊ ငါးများနှင့် အခြားပစ္စည်း များကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းယူခြင်း၊ ထုခွဲရောင်းချခြင်း၊

(င) သိမ်းဆည်းထားသော ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများကို သတ်မှတ်သော ဒဏ်ကြေး ငွေပေးဆောင်စေ၍ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ သို့မဟုတ် ပိုင်ရှင်အား ပြန်လည်ထုတ်ယူခွင့်ပြုခြင်း၊

(စ) ရောင်းရငွေနှင့် ဒဏ်ကြေးငွေများကို ဌာန၏ရငွေအဖြစ် ဘဏ်တွင် ပေးသွင်းစေခြင်း။

**အခန်း (၁၀)**

**အယူခံခြင်း**

၃၇။ (က) ပုဒ်မ (၃၅) အရ မြို့နယ်ဦးစီးဌာနမှူး၏ ဆောင်ရွက်ချက်ကို ကျေနပ်မှုမရှိပါက ယင်းသို့ ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ခရိုင်ဦးစီးဌာနမှူးထံ သတ်မှတ်သည့်အတိုင်း အယူခံဝင် နိုင်သည်။

(ခ) ခရိုင်ဦးစီးဌာနမှူးသည် မြို့နယ်ဦးစီးဌာနမှူး၏ ဆောင်ရွက်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၃၈။ (က) ဤဥပဒေအရ ခရိုင်ဦးစီးဌာနမှူးက ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ် သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း တိုင်းဒေသကြီး ဦးစီးဌာနမှူးထံ အယူခံဝင်နိုင်သည်။

(ခ) တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ခရိုင်ဦးစီးဌာနမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၃၉။ (က) ဤဥပဒေအရ တိုင်းဒေသကြီးဦးစီးဌာနမှူးက ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်။

(ခ) ဝန်ကြီးသည် တိုင်းဒေသကြီးဦးစီးဌာနမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်၊

(ဂ) ဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

**အခန်း (၁၁)**

**ပြန်အမ်းငွေလျှော်ထားခြင်း**

Myanmar Law Information System (MLIS)

၄၀။ အောက်ပါအချက် တစ်ရပ်ရပ်ပေါ်ပေါက်လျှင် အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ရရှိသူသည် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူးထံ ပြန်အမ်းငွေလျှောက် ထားနိုင်သည်-

(က) တိုင်းဒေသကြီး၏ အကျိုးငှာ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင် ဆိုင်းငံ့ခံရခြင်း သို့မဟုတ် ရုပ်သိမ်းခံရခြင်း၊

(ခ) သဘာဝဘေးအန္တရာယ် သို့မဟုတ် အခြားခိုင်လုံသော အကြောင်းတစ်စုံတစ်ရာကြောင့် ငါး ထုတ်လုပ်မှု ထိခိုက်နစ်နာခြင်း။

၄၁။ ပုဒ်မ ၄၀ အရ လျှောက်ထားလာလျှင် သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူးသည် လုပ်ထုံးလုပ်နည်းများ နှင့်အညီ စိစစ်၍ တိုင်းဒေသကြီးဦးစီးဌာနမှူးထံ တင်ပြရမည်။

၄၂။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ပုဒ်မ ၄၀ အရ လျှောက်ထားလာသည့်ကိစ္စမှန်ကန်ကြောင်း စိစစ် တွေ့ရှိလျှင် အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ရရှိသူ၊ ရသင့်သော ပြန်အမ်းငွေပမာဏကို သတ်မှတ်၍ ဝန်ကြီးထံတင်ပြရမည်။

၄၃။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်သော ပြန်အမ်းငွေပမာဏကို ထုတ်ပေးရန် အဆုံးအဖြတ်ပေးရမည်။

၄၄။ ပုဒ်မ ၄၃ အရ အဆုံးအဖြတ်ပြုသည့် ပြန်အမ်းငွေပမာဏကို သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူးသည် ဌာန၏ငွေစာရင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားသူထံ ပြန်လည်ထုတ်ပေးရမည်။

## အခန်း (၁၂)

## တားမြစ်ချက်များ

၄၅။ မည်သူမျှ ဤဥပဒေအရ ထုတ်ပေးသည့် အငှားဂရန် သို့မဟုတ် လိုင်စင်မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင် ခြင်းမပြုရ။

၄၆။ မည်သူမျှ ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် အောက်ပါတို့ကို မပြုလုပ်ရ-

(က) ပေါက်ကွဲစေတတ်သည့် ပစ္စည်း၊ အဆိပ်အတောက်၊ ဓာတုပစ္စည်းနှင့် ယင်းကဲ့သို့ အန္တရာယ်ဖြစ်စေ သောပစ္စည်းဖြင့် ငါးဖမ်းခြင်း သို့မဟုတ် အကျိုးဖျက်ဆီးခြင်း၊

(ခ) လျှပ်စစ်ရှော့တိုက်ငါးဖမ်းခြင်း၊

(ဂ) တားမြစ်ထားသော ငါးဖမ်းနည်း၊ ငါးဖမ်းကိရိယာဖြင့် ငါးဖမ်းခြင်း၊

(ဃ) တားမြစ်ထားသော ငါးမျိုး၊ ငါးအရွယ်အစားကို ဖမ်းဆီးခြင်း၊

(င) တားမြစ်ထားသော အချိန်ကာလနှင့် နေရာဒေသအတွင်း ငါးဖမ်းခြင်း။

၄၇။ မည်သူမဆို လျှပ်စစ်ဓာတ်အားအသုံးပြုသည့် ငါးဖမ်းကိရိယာတစ်မျိုးမျိုးကို ပြုလုပ်ခြင်း၊ ရောင်းချ ခြင်း၊ လက်ဝယ်ထားရှိခြင်းမပြုရ။

၄၈။ မည်သူမျှ အင်းလေလံဆွဲဝယ်ပြီးနောက် သို့မဟုတ် တင်ဒါလိုင်စင်ချထားခြင်းခံရပြီးနောက် ဌာန၏ ခွင့်ပြုချက်မရှိဘဲ ပေးဆောင်ရန်ရှိသော အင်းခွန်၊ တင်ဒါကြေးနှင့် လိုင်စင်ခတို့ကို နှေ့ချင်းပြီး ပေးဆောင် ရန် ပျက်ကွက်ခြင်းမရှိစေရ။

Myanmar Law Information System (MLIS)

၄၉။ မည်သူမျှ ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ဌာန၏ ခွင့်ပြုချက်မရရှိဘဲ ငါးဖမ်းဆီးရန်အလို့ငှာ ဆည်၊ တမံ၊ ယင်း၊ ကျားပိုက်စသော အပိတ်အဆို့ အတားအဆီး တစ်စုံတစ်ရာကို စိုက်ထူခြင်း၊ တည်ဆောက်ခြင်း၊ ချထားခြင်း၊ ပြုပြင်ခြင်း၊ သုံးစွဲခြင်းမပြုလုပ်ရ။

၅၀။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည်-

(က) အငှားဂရန် သို့မဟုတ် လိုင်စင်ပါစည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းမပြုလုပ်ရ၊

(ခ) မိမိရရှိသော ငါးလုပ်ငန်းရေပြင်ကို အခြားနည်းအသုံးမပြုရ။

၅၁။ မည်သူမျှ ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါး၊ အခြားရေနေသတ္တဝါနှင့် သက်ရှိသက်မဲ့ သယံဇာတပစ္စည်းများအား နှောင့်ယှက်ခြင်း၊ ပျက်စီးစေခြင်း သို့မဟုတ် ရေထုညစ်ညမ်းစေခြင်းမပြုလုပ်ရ။

၅၂။ မည်သူမျှ အငှားဂရန်အင်း သို့မဟုတ် ဂရန်အင်းနယ်နိမိတ်အတွင်း အောက်ပါတို့ကိုမပြုလုပ်ရ-

(က) ငါးနေငါးထိုင်တောများ ပျက်စီးစေရန် ခုတ်ထွင်ခြင်း၊ မီးရှို့ခြင်း၊

(ခ) ဂရန်အင်း၏ ရေစီးရေလာ ပျက်ပြားစေရန်၊ သဘာဝအခြေအနေထိခိုက်စေရန် ပြုလုပ်ခြင်း၊

(ဂ) လူနေအိမ်များ ဆောက်လုပ်နေထိုင်ခြင်း၊

(ဃ) လူနေမြေကွက်များဖော်ထုတ်ခြင်း၊

(င) စိုက်ပျိုးမြေကွက်များ ဖော်ထုတ်ခြင်း။

၅၃။ မည်သူမျှ ဦးစီးဌာန၏ခွင့်ပြုချက်မရှိဘဲ ဂရန်အင်း၊ သီးသန့်အင်းနှင့် ယင်းတို့နှင့် ဆက်စပ်နေသည့် ချောင်း၊ မြောင်းများတွင်ဖြစ်စေ၊ ရေစီးလမ်းကြောင်းများတွင်ဖြစ်စေ ရေ၏အမျိုးအစား၊ ရေ၏ထုထည် သို့မဟုတ် ရေစီးလမ်းကြောင်း ပြောင်းလဲစေခြင်းနှင့် သီးနှံစိုက်ပျိုးခြင်း မပြုလုပ်ရ။

၅၄။ မည်သူမျှ အောက်ပါရေထွက်ပစ္စည်းဆိုင်ရာ စားသောက်ကုန်ပစ္စည်းများကို ထုတ်လုပ်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ ပြည်ပသို့တင်ပို့ခြင်းမပြုရ-

(က) စားသုံးသူကို အဆိပ်သင့်စေနိုင်သည့်၊ ဘေးဥပဒ်အန္တရာယ်ဖြစ်စေနိုင်သည့် သို့မဟုတ် ကျန်းမာရေးကိုထိခိုက်စေနိုင်သည့် ရေထွက်ပစ္စည်းဆိုင်ရာ စားသောက်ကုန်ပစ္စည်း၊

(ခ) ရေထွက်ပစ္စည်း၏ သဘာဝ၊ ဒြပ်ဝတ္ထု သို့မဟုတ် အရည်အသွေး ထိခိုက်စေပြီး ဘေးဥပဒ်အန္တရာယ်ဖြစ်စေရန် တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ လူတို့စားသုံးရန်မသင့်သည့် ဆိုးဆေး၊ ယမ်းစိမ်း အစရှိသည်တို့နှင့် ပြုပြင်ရောစပ်ထားသော သို့မဟုတ် ရေထိုးထားသော ရေထွက်ပစ္စည်းဆိုင်ရာ စားသောက်ကုန်ပစ္စည်း။

၅၅။ ဤဥပဒေအရ အပ်နှင်းထားသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်တစ်ရပ်ရပ်ကို ကျင့်သုံးသော မည်သည့်ပြည်သူ့ဝန်ထမ်းမဆို အောက်ပါတစ်ခုခုကို မပြုလုပ်ရ-

(က) ပြစ်မှုကျူးလွန်သူကို အခြားသူတစ်ဦးဦးဖြင့် အစားထိုးခြင်း သို့မဟုတ် ပြစ်မှုကျူးလွန်သူအား အရေးမယူဘဲ ထိမ်ချန်ခြင်း၊

(ခ) ပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းကို ဖျောက်ဖျက်ခြင်း၊ မသမာသောနည်းဖြင့် ပြောင်းလဲခြင်း၊ အစားထိုးခြင်း သို့မဟုတ် အလွဲသုံးစားပြုခြင်း။

Myanmar Law Information System (MLIS)

## အခန်း (၁၃)

## ပြစ်ဒဏ်များ

၅၆။ မည်သူမဆို ပုဒ်မ ၄၅ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်-

(က) ငါးဖမ်းကိရိယာလိုင်စင်မရရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်သည့်ကိစ္စဖြစ်ပါက ထောင်ဒဏ် ၆ လအထိ ဖြစ်စေ၊ ငွေဒဏ် ကျပ် ၅၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ခ) အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်သည့်ကိစ္စဖြစ်ပါက ထောင်ဒဏ် ၂ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၂၀၀,၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၇။ (က) မည်သူမဆို ပုဒ်မ ၄၆၊ ပုဒ်မခွဲ (က) သို့မဟုတ် (ခ)ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ၁ လမှ အများဆုံး ၃ နှစ်ထက် မပိုသည့်ထောင်ဒဏ် ချမှတ်ရမည့်အပြင် ကျပ် ၃၀၀,၀၀၀ ထက်မပိုသော ငွေဒဏ်လည်း ချမှတ်နိုင်သည်။

(ခ) မည်သူမဆို ပုဒ်မ ၄၆၊ ပုဒ်မခွဲ (ဂ) သို့မဟုတ် (ဃ) သို့မဟုတ် (င)ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၃ နှစ်အထိ ဖြစ်စေ၊ ငွေဒဏ် ကျပ် ၃၀၀,၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ဂ) မည်သူမဆို ပုဒ်မ ၄၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်လမှ အများဆုံး သုံးနှစ်ထက်မပိုသည့် ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ်ငါးသိန်း ထက်မပိုသော ငွေဒဏ်လည်း ချမှတ်နိုင်သည်။

<ပြင်ဆင် 09.06.2020>

၅၈။ မည်သူမဆို ပုဒ်မ ၄၈၊ ၄၉၊ ၅၀(က)၊ ၅၁၊ ၅၂ သို့မဟုတ် ပုဒ်မ ၅၃ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအားထောင်ဒဏ် ၁ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀,၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၉။ မည်သူမဆို ပုဒ်မ ၅၀ (ခ) နှင့် ပုဒ်မ ၅၄ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၂ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၂၀၀,၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

<ပြင်ဆင် 09.06.2020>

၆၀။ ပုဒ်မ ၅၅ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရသည့် ပြည်သူ့ဝန်ထမ်းတစ်ဦးဦးအား ထောင်ဒဏ်အနည်းဆုံး ၁ လမှ အများဆုံး ၃ နှစ်ထက်မပိုသည့် ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ် ၃၀၀,၀၀၀ ထက်မပိုသော ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၆၁။ မည်သူမဆို ဤဥပဒေအရ ပြစ်မှုတစ်ခုခုကျူးလွန်ခြင်းကို အားပေးကူညီလျှင် သို့မဟုတ် ကျူးလွန် ရန် အားထုတ်လျှင် သို့မဟုတ် ပူးပေါင်းကြံစည်လျှင် ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်း ထားသည့် ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်။

Myanmar Law Information System (MLIS)

၆၂။ ဤဥပဒေပါ ပြစ်မှုတစ်ခုခုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ယင်းပြစ်မှုကို ထပ်မံကျူးလွန် ပါက ပြဋ္ဌာန်းသတ်မှတ်ထားသည့် အများဆုံးပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

**အခန်း (၁၄)**

**အထွေထွေ**

၆၃။ (က) ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်းသည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့ တင်ပို့ရန်မလွယ်ကူသော ပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားစာရွက် စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံ ပစ္စည်း တင်ပြဘိသကဲ့သို့မှတ်ယူကာ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်း ပြုနိုင်သည်၊

(ခ) ဤဥပဒေအရ ဌာနက စီမံခန့်ခွဲရေးနည်းလမ်းဖြင့် သိမ်းဆည်းပြီးဖြစ်သော ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့် သက်သေခံပစ္စည်းဖြစ်ပါက တရားစွဲဆိုတင်ပို့သော ပြစ်မှုတွင် အစီရင်ခံစာ ပူးတွဲတင်ပြရ မည်။ ထိုသို့ တင်ပြသည့် သက်သေခံပစ္စည်းကို သက်ဆိုင်ရာတရားရုံးက ထပ်မံစီမံခန့်ခွဲခြင်းမပြုရ။

၆၄။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သည့် အမှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၆၅။ ဦးစီးဌာနမှူးသည် မိမိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင် ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အကူအညီကို တောင်းခံရယူနိုင်သည်။

၆၆။ ဤဥပဒေအရ ဌာနကရရန်ရှိသော အင်းခွန်၊ တင်ဒါကြေး၊ လိုင်စင်ခနှင့်ဒဏ်ကြေးများကို သက်ဆိုင် ရာ ခရိုင်ဦးစီးဌာနမှူးသည် မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ မှတ်ယူ၍ အရကောက်ခံရမည်။

၆၇။ ဌာနသည် ဂရန်အင်းနှင့် သီးသန့်အင်း နယ်နိမိတ်ပြမြေပုံများကို သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အစိုးရဌာန၊ လုပ်ငန်းများနှင့် ညှိနှိုင်း၍ ပြုစုထားရှိရမည်။

၆၈။ ရေချိုငါးလုပ်ငန်းရေပြင်ကို အောက်ပါအတိုင်း သတ်မှတ်ရမည်-

(က) ရေချိုငါးလုပ်ငန်းရေပြင်သည် ပြည်ထောင်စုဝန်ကြီးဌာန၊ တိုင်းဒေသကြီးဝန်ကြီးဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းတစ်ခုခုက စီမံခန့်ခွဲခွင့်ရှိသောမြေအတွင်း ကျရောက်နေပါက ဦးစီးဌာနမှူးသည် ယင်းမြေကို စီမံခန့်ခွဲခွင့်ရှိသော သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်း၏ သဘောထား တောင်းခံပြီး သဘောတူညီချက်ရရှိမှသာ အငှားဂရန် သို့မဟုတ် လိုင်စင်ထုတ်ပေးရမည်။

(ခ) (၁) ဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ သဘောထားတောင်းခံရာတွင် ပြေလည်မှုမရရှိပါက တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အဆုံးအဖြတ်ကို ခံယူရမည်။

(၂) ပုဒ်မခွဲငယ် (၁) အရ ဆုံးဖြတ်သည့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အတည်ဖြစ် သည်။

Myanmar Law Information System (MLIS)

၆၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်-

(က) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) တိုင်းဒေသကြီးဦးစီးဌာနမှူးသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

၇၀။ ဤဥပဒေ အတည်ပြုသည့်နေ့မှစ၍ စစ်ကိုင်းတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ (စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၁၁/၂၀၁၂) ကို ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဒေါက်တာမြင့်နိုင်

ဝန်ကြီးချုပ်

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

Myanmar Law Information System (MLIS)